(ဆ) ငါသည် ဤသင်္ကန်းကို ဝတ်၍ ကိုယ်ကို လှပ တင့်တယ် အောင် ဆင်ပြင်မယ် ဟူသော ရည်ရွယ်ချက်ဖြင့် ဝတ် ခြင်းမဟုတ်ပါ။

## သူ့နေရာနှင့်သူ အတိုချုပ် ဆင်ခြင်ပုံ

ဧး၍ ချမ်း၍ သင်္ကန်းခြုံလိုလျှင်– "အအေး အချမ်းကို ကွယ်ကာဘို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

လေပူ နေပူကြောင့် ခြုံလိုလျှင် –"အပူကို ကွယ်ကာဘို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

မှက် ခြင် ကိုက်၍ ခြုံလိုလျှင်– "မှက် ခြင်ကို ကွယ်ကာ ဘို့ရာ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

အပူ အအေး မှက် ခြင် မရှိဘဲ ဝတ်သောအခါ– "အရှက် အကြောက်ကို ဖုံးလွှမ်းခြင်းငှါ ဤသင်္ကန်းကို ဝတ်ပါ၏"–ဟု ဆင်ခြင်ပါ။

ဤသို့ သူ့နေရာနှင့်သူ ဆင်ခြင်သွားလျှင် နောက်ထပ် မဆင်ခြင်သော်လည်း အပြစ်မရှိတော့ပါ၊ သို့သော် ဘုရား ဝတ်တက်သော အခါဖြစ်စေ၊ ပုတီးစိပ်ရင်းဖြစ်စေ ပြခဲ့သော သင်္ကန်းလင်္ကာကို ဖြည်းဖြည်းရွတ်၍ ရှင်သာမဏေကလေး များ ဆင်ခြင်ပါစေ။